# ABSDF
## All Burma Students' Democratic Front

### ၇၅ နှစ်မြောက်၊ ချင်းအမျိုးသားနေ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ (ကျောင်းသားတပ်မတော်) မှ ပေးပို့သည့် သဝဏ်လွှာ

၁။ ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ၇၅ နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယတွင် ချင်းအမျိုးသားထုကြီးတရပ်လုံး ကိုယ်စိတ်နှလုံးရွှင်လန်း ချမ်းမြေ့ ပါစေကြောင်း ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂။ ကိုလိုနီခေတ် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ စစ်အာဏာရှင်ဆန့်ကျင်ရေး သမိုင်းစဉ်တလျှောက်တွင် ချင်းအမျိုးသားများ၏ တော်လှန်တိုက်ပွဲဝင်ခဲ့သည့် အခန်းကဏ္ဍကား အထူး ကြီးမြတ်လှသလို ရဲဝန့်စွန့်စားစွာ တော်လှန်တိုက်ပွဲဝင်ခဲ့ကြသည့် အာဇာနည် ချင်းအမျိုးသားခေါင်းဆောင်ကြီးများ၊ ရဲဘော်များနှင့် ချင်းအမျိုးသားထုတို့အား မိမိတို့ မကဒတ ရဲဘော်များက အလေးအမြတ် ဦးညွှတ်အလေးပြုအပ်သည်။

၃။ ထို့အတူ မျက်မှောက်ကာလ နွေဦးတော်လှန်ရေးတွင် ချင်းအမျိုးသားထု၏ နိုင်ငံရေး၊ စစ်ရေး သံတမန်ရေး လှုပ်ရှားမှုများမှာလည်း အထူးလေးစားဂုဏ်ယူဖွယ်ကောင်းလှသလို ချင်းအမျိုးသားထု တခုလုံးအတွက် သမိုင်းစာမျက်နှာအသစ်တခုကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာ နှစ်ထောင်းအားရ ဖြစ်ရပါသည်။

၄။ ဤသည်ပင် ချင်းအမျိုးသားထုကြီး၏ - စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး ဟူသော နိုင်ငံရေးရည်မှန်းချက်များ ပေါက်မြောက်ရေးအတွက် ခိုင်မာသည့် အခြေခံများချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်းကို မကြာမီ ကဗျည်းထိုးနိုင်လိမ့်မည်ဟုလည်း မိမိတို့ မကဒတရဲဘော်များက အခိုင်အမာ ယုံကြည်ပါကြောင်း ယနေ့ကျရောက်သည့် ၇၅ နှစ်မြောက် ချင်းအမျိုးသားနေ့အား တိုင်တည်ရင်း ဤဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

၅။ မကဒတ (ကျောင်းသားတပ်မတော်) နှင့် ချင်းအမျိုးသားနိုင်ငံရေး၊ တော်လှန်ရေး အဖွဲ့အစည်းအသီးသီးတို့ အကြား ရရှိထားသည့် သွေးစည်းညီညွှတ်ရေး ခိုင်မာရမည်ကိုလည်း ထပ်လောင်းကတိပြု အလေးထား ဖော်ပြလိုက်ပါသည်။

ချင်းအမျိုးသားထုကြီးတရပ်လုံးရဲ့ အမျိုးသားရေးရည်မှန်းချက်များ မုချ ရရမည်။

တည်ကြည်လေးနက်စွာဖြင့်

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊
(ကျောင်းသားတပ်မတော်)

ရက်စွဲ။ ။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်